
Read on the move
ခေတ်သွေး
နတ်ဆရာဒေါက်တဲ့ ပေသီး

# နိဒါန်း

တစ်ခုသော နံနက်ခင်းတစ်ခုတွင် ဒဂုံတက္ကသိုလ်ထဲသို့ လူငယ်တစ်ယောက် လွယ်အိတ်ကလေးတစ်လုံးနှင့် လမ်းလျှောက်လာလေသည်။

T-shirt အကျႌခပ်ပွပွနှင့် ဂျင်းဘောင်းဘီရှည်ကို တွဲဝတ်ထားသည်။ ဆံပင်ပုံစံက ခေတ်ရေစီးပြေးနေသည့် အတိုအထောင် ကျိုးတို့ကျဲတဲနှင့် ဖြစ်သည်။ ပုလင်းဖင်နီးပါးထူသည့် ပါဝါမျက်မှန်တစ်လက်ကိုလည်း တပ်ဆင်ထား သေးသည်။

ထိုလူငယ်၏ ပုံစံက များစွာမထူးခြားလှသော်လည်း ဆရာ ဦးသန်းဝင်း(ယခု-ပါမောက္ခချုပ်) အတွက်တော့ ထူးခြားနေ၏ ။ ပုံစံကိုလည်းကြည့်ဦးလေ. .။

ထိုသူငယ်က တခြားဘေးဘီဝဲယာကို တစ်ချက်ကလေးမှ မကြည့်ဘဲ ငိုက်စိုက်ငိုက်စိုက်နှင့် ဆရာဦးသန်း ဝင်း၏ မျက်နှာချင်းဆိုင်တည့်တည့်သို့ လျှောက်လှမ်းလာခြင်းဖြစ်သည်။

သူ့အာရုံက တခြားမှာမရှိ။ သူ့လက်ထဲမှာကုန်ဆုံးနေပြီဖြစ်တဲ့ ဇီးထုပ်ပေါ်မှာသာရှိသည်။ သူက ထိုဇီးထုပ် ကို လွှင့်မပစ်ရက်နိုင်သေးပဲ အကပ်အသပ်ကလေးတွေကို မြိန်ရည်ယှက်ရည် လျှာနှင့် ရက်လိုက် "ပြွတ်"ကနဲနေ အောင် လက်ကလေးတွေကို စုပ်လိုက်နှင့် လျှောက်လာခြင်းဖြစ်သည်။

သို့နှင့် ဆရာဦးသန်းဝင်း(ပါမောက္ခချုပ်)က မျက်နှာချင်းဆိုင်လျှောက်လာတဲ့ သူ့ကို မရှောင်ဘဲနှင့် မတ်တပ် ရပ်နေပေးလိုက်သည်။ ဆရာ မှန်းဆထားသည့်အတိုင်း ထိုသူငယ်က တည့်တည့်ဝင်တိုးပါလေတော့သည်။

"ဘုန်း. ."

"အင့်!"

တိုက်မိတယ်ဆိုရင်ပဲ ထိုသူငယ်က ပြုတ်ကျသွားသည့် သူ့ဇီးထုပ်အကုန်လေးကို နှမြောတသစွာ ကုန်း ကောက်လိုက်ပြီး ဦးအောင်ရန်စကားစပြောလိုက်သည်။

“ဟော့ရောင်. . .မင်းလူတစ်ယောက်လုံးလာတာကို မမြင်ဘူးလားကွ. .” ဆိုပြီး မျက်မှန်ကို ပင့်ကြည့်လိုက် သည်။

ပါမောက္ခချုပ် ဦးသန်းဝင်းမှန်းသိတော့ ချက်ချင်းအချိုးပြောင်းသွားကာ-

“ဟာ. .ဆရာကြီး ကန်တော့ ကန်တော့. . .ကျွန်တော်မမြင်လို့ပါ. .ကန်တော့. .”

“. . .”

ပါမောက္ခချုပ်က ဘာမှပြန်မပြောဘဲ “ဒီသူငယ်ရုပ်မျိုးကို ငါမြင်ဖူးပါတယ်. .” ဆိုပြီး မျက်မှောင်ကြီးကုတ် ကာ စဉ်းစားနေ၏ ။ ဒါကို ထိုသူငယ်က လန့်ဖျန့်ပြီး-

“ခွင့်လွှတ်ပါ. . .ဆရာကြီးရယ်. .နော်. .” ဆိုပြီး အတင်းတောင်းပန်နေ၏ ။

ဤတွင် ပါမောက္ခချုပ်က မထင်မှတ်သည့် မေးခွန်းတစ်ခုကို ကောက်ကာငင်ကာ မေးလာသဖြင့် ထိုသူငယ် ကြောင်သွားပုံရသည်။

“မင်းအဖေနာမည်. .ဘယ်သူလဲ. .”

“ဗျာ. .”

ဟုတ်တယ်လေ. .မေးရင်းမေး သူ့နာမည် မေးရမှာကိုး။ အခုတော့ မင်းအဖေ နာမည်တဲ့. .။

ထိုသူငယ်က ဖြေမယ်လုပ်တော့ ဆရာက သူ့ဖာသာ “နတ်ဆရာမို့လား. .” ဟု ပြန်ဖြေလာပြန်သဖြင့် အံ့သြ ရပြန်သည်။

"ပါချုပ်က ဘယ်လိုလုပ်ပြီး ငါ့အဖေကို သိနေပါလိမ့်" ဆိုပြီးတော့ပေါ့. .

ထို့နောက်. . .

"မင်းအမေက. .ပေသီးမမဟုတ်လား. ."

သူက ပါမောက္ခချုပ်ကို ကြောက်ကြောက်လန့်လန့် အံ့ဩတကြီးနားမလည်နိုင်စွာ စသည့် မျက်ဝန်းတွေနှင့် ငေးကြည့်မိပြီး "ဟုတ်ကဲ့. ." ဟု ဖြေလိုက်သည်။

သည်တော့မှ ဆရာဦးသန်းဝင်းက ပြုံးလိုက်ပြီး-

"ဟားဟား. . .မင်းရုပ်ကိုကြည့်ပြီး ငါထင်တော့ထင်သားပဲကွ. .ဒီရုပ်မျိုးတွေကို ငါမြင်ဖူးပါတယ်လို့. .လတ်စ သတ်တော့. .ငါ့တပည့်တွေရဲ့သားကိုကွ. .ကောင်းတယ်. .ကောင်းတယ်. .ဒါနဲ့. .မွေးချင်းဘယ်နှယောက်ရှိပြီလဲ. ." ဟု ပြုံးပြုံးပြုံးပြုံးနှင့် မေးလာမှ သူနားလည်သဘောပေါက်သွားကာ ရင်အေးသွားရသည်။

"ကျွန်တော်က တစ်ဦးတည်းသောသားပါ. .ဆရာကြီး. ."

"အေးအေး. .ကောင်းတယ်. .ကောင်းတယ်. .ငါ့သားက အခုဘာမေဂျာလဲ. .မင်းအဖေနတ်ဆရာကတော့ မြန်မာစာနဲ့ မင်းအမေပေသီးကတော့ ဒဿနိကနဲ့ ကျောင်းပြီးသွားတာပဲ. ."

"စိတ်ပညာ ပထမနှစ်ပါ ဆရာ. ."

"ဟေ. .ဟုတ်စ. .ကောင်းကွာ. .ဖအေမြန်မာစာ. .မအေ. .ဒဿနိက. .သားက စိတ်ပညာတဲ့ ကောင်းတယ် . .ကောင်းတယ်. .သားရုပ်က ဖအေနဲ့ရော မအေနဲ့ရော တူသားပဲ. . .မင်းအဖေနဲ့အမေကိုပြောပြလိုက်ပေါ့ကွာ. . ကျောင်းမှာ ဆရာဦးသန်းဝင်းနဲ့ တွေ့တယ်လို့. .ကြားလား. ."

"ဟုတ်ကဲ့. ."

“ကျန်းမာရေးတွေ ဘာတွေရော. .ကောင်းကြတယ်မို့လား. .မင်းအဖေ ကဗျာတွေ စာတွေတော့ ဆရာဖတ် ရပါတယ်. .”

“ဟုတ်. .ကောင်းကြပါတယ်. .ဆရာကြီး. .”

ပါမောက္ခချုပ်က ခေါင်းတညိတ်ညိတ်လုပ်ပြီး ပြုံးနေရင်းမှ တစ်ခုခုကို တွေးတောနေဟန် ရှိသည်။ ပြီးမှ သ တိရဟန်နှင့်-

“ဒါနဲ့. .သားနာမည်ကရော. . .” ဟု မေးလာတော့ သူ့ကယောင်ပြီး သူငယ်ချင်း တွေခေါ်နေကြ နာမည် ပြောင်ကို ဖြေလိုက်မိသဖြင့် ပါမောက္ခချုပ် ဦးသန်းဝင်းတစ်ယောက် “ဟေ” ကနဲ ဖြစ်ကာသွားရ၏။

သူ့ကို သူငယ်ချင်းတွေက နာမည်ရင်း “လှိုင်ငြိမ်းဖြူ” လို့ ခေါ်လေ့ခေါ်ထမရှိကြဘဲ ဖအေနာမည် “နတ်ဆ ရာ” နှင့် မအေနာမည် “ပေသီး” တို့ကို အစွဲပြုကာ ချစ်စနိုးနှင့် အောက်ပါအတိုင်း ခေါ်ဝေါ်ကြလေတော့၏။

“နတ်သီး” တဲ့လေ. . .။

*

“ဘုန်း”

“အင့်”

“ဟာ……”

ကော်ရစ်တာ ထောင့်ချိုးတစ်ခုတွင် အမှတ်မထင် လူနှစ်ယောက်တိုက်မိကြခြင်းဖြစ်သည်။

တိုက်တိုက်ဆိုင်ဆိုင်ပင်။ ထိုသူ နှစ်ယောက်စလုံးက လောကကြီးကို ဘောင်ခတ်ထားကြသည့် မျက်မှန်သမားတွေ ဖြစ်နေကြသည်။ တစ်ယောက်က မိန်းကလေးဖြစ်ပြီး ကျန်တစ်ယောက်ကတော့ ယောကျ်ားလေးတစ်ဦးပင်ဖြစ်သည်။

မိန်းကလေးဖြစ်သူ လက်ထဲမှ ပြုတ်ကျသွားသည့် စာအုပ်တွေကို လိုက်မကောက်နိုင်အားပဲ ကျွတ်ကျသွားသည့် မျက်မှန်ကို အရင်ရှာနေသည်။ထို့အတူ ကျန်တစ်ယောက်ကလည်း မျက်မှန်ကို ကုန်းကောက်နေ၏ ။

“ရှင် …. ဘယ်လိုလူလဲ … ဒီမှာ လူတစ်ယောက်လုံးလာတာကို မမြင်ဘူးလား …”

နှစ်ယောက်စလုံး တိုက်မိတာခြင်းအတူတူကို ဦးအောင် ရန်တွေ့နေသည့် သူမကို ခပ်ချဉ်ချဉ် ရှိလှသည်နှင့် သူ ဘုတောမိလိုက်သည်။

“မမြင်လို့ တိုက်မိကြတာပေါ့ …. ခင်ဗျားကရော လူတစ်ယောက်လုံးလာတာကို မမြင်ဘူးလား …”

“အောင်မာ … သူကပဲ ပြန်ရန်တွေ့ရတယ် ရှိသေး … ယောကျ်ားကြီးတန်မဲ့နဲ့ …ဟွန်း …” ဆိုပြီးသူမက မဲ့ရွဲ့ကာနှင့် စာအုပ်တွေကိုလိုက်ကောက်နေသည်။

“ယောကျ်ားကြီးတန်မဲ့တော့ရော ဘာဖြစ်လဲ … IT ခေတ်ကြီးထဲမှာ

အမြင်ကျယ်ကျယ် ထားစမ်းပါ … လောကကြီးကိုဘောင်ခတ်ပြီး မကြည့်ချင်စမ်းပါနဲ့ … မလေးလုံးရဲ့”

“ဘာပြောတယ် … မိန်းကလေးတစ်ယောက်ကို ဝင်တိုက်ပြီး တောင်းပန်ရကောင်းမှန်းမသိတဲ့ ကိုမှန်ကြောင်ကများ …”

“ဒီမယ် … မလေးလုံး ကျွန်တော့်မှာ နာမည်ရှိတယ်ဗျ … မှန်ကြောင်မဟုတ်ဘူး …”

“ဒါဆို ကျွန်မကိုလဲ မလေးလုံးလို့ မပြောပါနဲ့ နာမည်ရှိတယ် …”

တစ်ယောက်နဲ့တစ်ယောက် အတူတူခြင်းကို ဆက်ဆက်ထိမခံကြရန်တွေ့နေကြသည်။ ထိုစဉ် ဆရာဦးသန်းဝင်းက သိပ္ပံဆောင်ဘက်မှအလာနှင့် တည့်တည့်တိုးပါလေတော့၏။

“ဟဲ့ ….. သားတို့ သမီးတို့ ဘာဖြစ်နေကြတာလဲ …”

ဆရာ ဦးသန်းဝင်းကိုတွေ့တော့မှ နှစ်ယောက်သား ဇက်ပုသွားကြပြီး …

“အဟီး … ဘာမှမဖြစ်ပါဘူး ဆရာကြီး …”

“သမီးတို့ မတော်တဆ ဝင်တိုက်မိကြတာပါ … အဟဲ”

ဟုမျက်နှာချိုသွေးကာ ဖြေလိုက်ကြသည်။ ဆရာဦးသန်းဝင်းက မေဂျာမတူကြသည့် ဒင်းတို့နှစ်ယာက်စလုံးကို အတန်းဝင်နေရသည့် ဆရာတစ်ဦးလည်းဖြစ်သည်။

“သြော် … ဘယ်သူတွေများလဲလို့ … နတ်ဆရာနဲ့ပေသီးတို့ပါလား … ဖြစ်ရမယ် … ဖြစ်ရမယ် … ကဲကဲ … ဆရာသွားဦးမယ် …”

ဆိုပြီး ခေါင်းတညိတ်ညိတ်နှင့် ထွက်သွားတော့မှ သူမက ပါးစပ်ကိုလက်နှင့် ကာကာ တခွီးခွီးရယ်ပါတော့သည်။

“ဘာရယ်တာလဲ ... ”

နတ်ဆရာက ပိတ်ဟောက်လိုက်တော့ သူမငြိမ်သွားသည်။

“သူများကိုက ရယ်ရတယ်တဲ့ ... သူကမှ ပုပုလုံးလုံးလေးနဲ့ ... အဟီး ... ဟီး ...”

နတ်ဆရာ စကားကို သူမက အတွေးတစ်မျိုးပေါက်သွားကာ ရှက်သွေးဖြာသွားပြီး ပြေးထွက်သွားသည်။ ဒါကို နတ်ဆရာက လှမ်းအော်ပြောလိုက်သေးသည်။

“ဟေ့ ... ငါက ပုပုလုံးလုံးလေးဆိုတာ .. မျက်နှာကို ပြောတာနော် ...”

*

“ဟားဟား ... ဟား ...”

“ဖြစ် ... ဖြစ် ... ရမယ် ..ဆ ..ဆရာ နတ်နတ်တို့ကတော့ ...”

နတ်ဆရာ(ခေါ်) ဆရာနတ်က ကင်တင်းတွင် သူဖြစ်ပျက်ခဲ့သမျှကို ဖောက်သည်ချနေခြင်းဖြစ်သည်။

“ဒါနဲ့ပဲ ... မင်းတို့မျက်မှန်ခြင်း လွဲလာခဲ့ကြတာပေါ့ ...”

အောင်ကို အမေးကို သူက ခေါင်းငြိမ့်ပြလိုက်သည်။

“အဲ ... အဲ ... အဲဒီ့ ... မျက်မှန်က ... မမ ... မင်းနဲ့ရော ... က ... က ... ကိုက်လား ...”

“ဖြည်းဖြည်းပြောစမ်းပါ ... ရွှေအရာ ... မင်းတံတွေးတွေက ငါ့မျက်နှာတွေစင်တယ်ဟ ...”

"အေးလေ ... ဟုတ်သားပဲ ...ငနိုင်ကလဲ .."

မျက်နှာကို လက်နှင့်သုတ်ရင်း ပြောလိုက်သည့် သူ့စကားကို အောင်ကိုကပါ ထောက်ခံလိုက် သဖြင့် ငနိုင်(ခေါ်) ရွှေအက သွားဖြီးပြကာ ...

"အဟီး ... ဆော် ... ဆော်ရီး"

"ဟာ ... လာပြန်ပဟ"

တောင်းပန်စကားဆိုမှ ပိုထွက်လာသည့် တံတွေးတွေကို နတ်ဆရာကအလျင်အမြန် ရှောင်တိမ်း လိုက်ရသည်။

အောင်ကိုကတော့ သူတို့နှစ်ယောက် အဖြစ်ကို ကြည့်ပြီး ရယ်သွမ်းသွေးနေ၏ ။

"ဘယ်လို လုပ် ကိုက်မလဲကွ ... ငါကအနီးမှုန်တဲ့ကောင် ဒီမျက်မှန်က အဝေးမှုန်အတွက် လုပ်ထားတာဆိုတော့ သူ့အတွက်ရော ငါ့အတွက်ပါ လုံးဝအဆင်မပြေဘူး ..."

"အဲဒီ တော့ ..."

အောင်ကိုက စကားတက်ပေးတော့ -

"အဲဒီ တော့ ဘာဖြစ်ရမလဲ ... သူ့ကိုလိုက်ရှာပြီး မျက်မှန်ခြင်းလဲရမှာပေ့ါကွ ..."

"သ ... သ ...သတ်ရိုက် ..."

"လဲရအောင် ... မင်းက သူ့ကိုသိလို့လား ..."

"ဟ ... ဒါကတော့ ... သူလဲ ဒီသင်္ကသိုလ်ထဲက ကျောင်းသူတစ်ယောက်ပဲဟာကို ... စုံစမ်းရမှာပေ့ါကွ ..."

"င ... င ... ငါ့အထင် ... သ ... သ ... သူလဲ ... မမ ... မင်းလိုပဲ ...

လိုက်ရှာနေလောက်ပြီ ...”

ငနိုင့်စကားကို နှစ်ယောက်သား ခေါင်းတညိတ်ညိတ်နှင့် စဉ်းစားနေကြသည်။

“ဖြစ်တော့ ဖြစ်နိုင်တယ်ကွ ..” ဟု ဆိုလာသည့် အောင်ကို စကားကို သူငြင်းလိုက်၏ ။

“မဖြစ်နိုင်ဘူး ... ”

“ဘာ ... ဘာဖြစ်လို့ ...”

“ဘာဖြစ်ရမလဲ ... ဒီလောက်စွာတေးလန် မလေးက ငါ့ကို တကူးတက လိုက်ရှာပြီး လာလဲပ့်ါမလားဟ ...”

“ဒါကတော့ ...” ဆိုပြီး နှစ်ယောက်သား ငြိမ်သက်သွားကြသည်။

ခဏကြာတော့မှ ရွှေအက-

“ဒ ...ဒါ ... ဒါဆို ဒီ ... ဒီလိုလုပ် ...”

“ဘယ်လိုလုပ်ရမှာလဲ ...” ဆိုသည့်သဘောနှင့် သူကမေးဆက်ပြလိုက်သည်...

“န ... နောက်ထပ် ...န ...နာရီဝက် စောင့်ကြည့်လိုက် ...သူ ... သူလာလဲရင် ... ငါ ... ငါတို့ခြေထောက် မ ... မညောင်းတော့ဘူးပေ့ါ ...”

“ဟုတ်တယ် ... ငနိုင်အစီအစဉ် မဆိုးဘူး .... သူမလာတော့မှ ငါတို့လိုက်ရှာကြတာပေ့ါကွာ ..”

“အေးလေ ... စောင့်ကြည့်ကြတာပေ့ါ ... ငါကတော့ မထင် ...”

ဟုဆိုတာ နတ်ဆရာက စီးကရက်တစ်လိပ်ကို မီးညှိနေ၏ ။ ငနိုင်ကတော့ ကင်တင်းက ဖွင့်ထားသည့် သီးချင်းတစ်ပုဒ်ကို လိုက်ညည်းနေ၏ ။

အောင်ကိုကတော့ ဘာရယ်မဟုတ် ကင်တင်းရှေ့ကို လှမ်းမျှော်ကြည့်နေရင်းမှ ပုံစံတူ ဒီဇိုင်းတူ မျက်မှန်တပ်လူနှစ်ယောက်၏ တိုက်တိုက်ဆိုင်ဆိုင် အနီးမှုန် အဝေးမှုန် မျက်မှန်နှစ်လက် လွဲခဲ့ရပုံ အကြောင်းကို တွေးမိနေလေတော့၏။

*

"ပေသီးရယ် ... နင်ကလဲ ဖြစ်လိုက်ရင် တလွဲတွေကြည့်ပဲ ..."

"ကဲ ... အခု ... ငါတို့ ဘာဆက်လုပ်ကြမလဲ ..."

"အဲဒီ့ နတ်ဆရာကိုပဲ လိုက်ရှာရတော့မှာပေါ့ဟာ ... ငါကအဝေးမှုန်တာဆိုတော့ သူ့မျက်မှန်ကြီးနဲ့ ဘာမှကိုမမြင်ရတော့ဘူး ... ဟင်း ..."

သူမကို မြည်တွန်တောက်တီးနေသည့် ခတ်ခတ်နှင့်ဝေမွန်တို့ကို သူမက စိတ်ပျက်လက်ပျက် လေသံနှင့် ဆက်ပြောနေ၏။

"အသစ်ထပ်လုပ်ရအောင်လဲ လေးငါးသောင်းကြီးဆိုတော့ နှပြောတယ်ဟ ..."

"အမလေး ... သိပါတယ်ဒေါ်ပေသီးရယ် ... တော် ကပ်စေးနဲကြီးမှန်း"

"အဲဒါကြောင့်လဲ ... ပေသီးလို့ နာမည်တွင်တာပေ့ါဟ ..."

ခွင်တွေ့တုန်း လှိမ့်ဆော်နေသည့် ခတ်ခတ်နှင်ဝေမွန်ကို သူမက သက်ပြင်းတစ်ချက်ချလိုက်ကာ-

"အရေးထဲ ... နင်တို့ကလဲ တစ်မျောင့် ... ငါက မကုန်သင့်တာကို မကုန်ရအောင်လို့ ပြောတာပါ .."

ဖာဖာထေးထေး ဆိုလာသည့် သူမစကားကို သူမစကားကို ခတ်ခတ်က

မသိမသာ မျက်ခုံးပင့်ပြလိုက်သည်။

ဝေမွန်ကတော့ "နင်သူ့ကိုတွေ့ရင် မှတ်မိလား ပေသီး ..."

"အေး ... မှတ်မိတယ်ဟ ... ပုံစံက ဗေလုဂ နဲ့ ရာဇာနေဝင်းကို ပေါင်းပြီး အေကိုက်နေတဲ့

ပုံစံမျိုးပဲ ..."

သူမအပြောကြောင့် ခတ်ခတ်က ကြိတ်ရယ်နေပြန်သည်။

ထိုစဉ် ဝေမွန်က " ဟိုတစ်ယောက်များလား ..." ဆိုပြီး ပိန်ပိတ်ရှည်ရှည် မျက်မှန်နှင့် လူတစ်ယောက်ကို လက်ညှိုးထိုးပြသည်။

သေချာစူးစိုက်ကြည့်နေသည့် သူမကို ခက်ခက်က ...

"မေးနေတယ်လေ ..."

"ဟ ... ငါမှ အဝေးကို မမြင်ရတာ ..."

"ဟင်း ..."

"ဟုတ်သားပဲ ..."

သူမစကားကြောင့် ဟိုနှစ်ယောက် စိတ်ပျက်သွားကြသည်။

"ဒါဆိုလဲ ... ငါတို့သွားကြည့်ရအောင်လေ ..."

စိတ်မြန်လက်မြန် ရှိလှသည့် ဝေမွန်အပြောကို သူမက-

"ဟဲ့ ... အဲလိုကြီးသွားကြည့်ရမှာ ရှက်စရာကြီး ..."

"နင်ကမှ မမြင်တဲ့ဟာကို ..."

"နေစမ်းပါဦး ... အဲ့ဒီတစ်ယောက်က အကျ

ဘာအရောင်ဝတ်ထားတာလဲ ..."

ပေသီးအမေးကို သူမတို့နှစ်ယောက်သား ပြိုင်တူပင် ပြောလိုက်ကြ၏ ။

"ရှပ်အကျႌ အဖြူနဲ့ ..."

"ဒါဆို ဟုတ်ဘူးဟ ... သူကအနီရောင် T.Shirt နဲ့ ..."

"ကဲ ... ပြောနေကြာတယ် ပေသီး ... ဒို့သုံးယောက် အတန်းမစခင် ကျောင်းတစ်ပတ်လောက် ပတ်ရှာကြည့်ရအောင် ..."

စိတ်မရှည်စွာနှင့် ဆိုလာသည့် ခတ်ခတ်စကားကို သူမတို့အလိုလို ခေါင်းညိတ်မိလိုက်သည်။

"ဒီလိုပဲ လုပ်ရတော့မှာပေ့ါဟာ ... မျက်မှန်မပါဘဲ ငါမှစာသင်လို့မရတော့တာ ... ကံကြမ္မာကလည်းနော်တွေ့မှတွေ့တက်ပေလေတယ် ... ပုံစံတူ မျက်မှန်နှစ်လက်တပ်ထားတဲ့ လူနှစ်ယောက်ကိုမှ ဝင်တိုက်ပြီး မျက်မှန်ချင်းလွဲခိုင်းရတယ်လို့ ... ဟင်း ..."

ခပ်တိုးတိုးသည်းလာသည့် ပေသီးစကားကို ခတ်ခတ်က-

"အေးနော် ... ဒါပဲ ငါ့မှာပိုက်ဆံမပါဘူး .." ဟု အဆီအငေါ်မတည့်စွာ ထပြောလိုက်သဖြင့် သူမတို့ နှစ်ယောက်ပင် ကြောင်သွားကြသည်။

"ဟဲ့ ... ခက်ခက် ... နင့်ကို ဘယ်သူကပြောနေလို့လဲ ..."

"အေးလေ ... "

ဝေမွန်စကားကို သူမက "အေးလေ .." ဟု ထောက်ပေးလိုက်ပြီး ခက်ခက်အဖြေကို နားစွင့်နေလိုက်သည်။

"နင်ပဲ ... ပိုက်ဆံမပါဘူးဆို .... အဲဒါကြောင့် ဒီဝိုင်းကို နင်တို့ပဲ ရှင်းလို့ပြောတာ ..."

ခက်ခက်အပြောကြောင့် သူမတို့နှစ်ယောက်သား ပြုံးလိုက်မိကြသည်။

ဒါကိုခက်ခက်က-

"နင်တို့က ဘာပြုံးတာလဲ ..." ဆိုပြီး မလုံမလဲနှင့် ဆိုလာသဖြင့် အသံထွက်အောင်ပင် ရယ်မိကြ၏ ။

"ခက်ခက် ... နင်ကလေ ... ခက်ခက်ဆိုတဲ့ အတိုင်းတော်တော်ခက်တယ် နောက်ပြီး အကြောကလည်းမာတယ် ... လိုက်ပါတယ် ... နာမည်နဲ့ ... အဟိ ... ခက်ခက်မာတဲ့ ..."

"ဟုတ်ပ့ါ .... သူ့ကို နားလေးလို့ ခေါ်ရင်လည်း ကြိုက်တာမဟုတ်ဘူး"

အတိုင်အဖောက်ညီလှစွာ နှိပ်ကွပ်နေသည့် ဝေမွန်နှင့် ပေသီးတို့ကို ခက်ခက်က မျက်စောင်းကြီးခဲကာ-

"ငါက နားလေးတာ မဆိုစလောက်ပါ ... နင်ကမှ မျက်မှန်မပါရင် ဘာမှမမြင်ရတဲ့ အကန်း ... ဟိုကောင်မကရော ဘာထူးလဲ .... ရှူးလိုက်တဲ့မင်းသမီးရှူး ဟင်း ... " ဆိုပြီး ဆက်ဆက်ထိမခံပြောလိုက်သည်။

ဟုတ်တော့လည်း ဟုတ်သည်။ သူမတို့သုံးယောက်က ရန်ကုန်သူတွေဆိုပေမယ့် ငယ်ပေါင်းကြီးဖေါ် တွေတော့ မဟုတ်ကြပါ။ တက္ကသိုလ်ပထမနှစ်ကနေ ယခု နောက်ဆုံးနှစ်အထိ မိဘအိမ်တွေမှာ မနေကြဘဲ အတွဲညီညီနှင့် အပြင်မှာ အဆောင်ငှားကာ နေလာကြသဖြင့် ညီမတွေလိုပင်ဖြစ်သည်။ တစ်ယောက်နှင့်တစ်ယောက် ပြောမနာဆိုမနာကြ။

သူမတို့ သုံးယောက်မှာ အားနည်းချက်တစ်ခုစီတော့ ရှိကြသည်။ အမြဲလိုလို သူမတို့၏ အားနည်းချက်တွေကို ဖုံးကွယ်နေကြသူတွေလဲ ဖြစ်၏ ။

ပေသီး(ခေါ်)ဖြူဖြူဝင်း က မွေးရာပါ မျက်စိမှုန်နေသည်။ အနီးမှအရာဝတ္ထုတွေကို ရှင်းရှင်း လင်းလင်း မြင်ရပေမယ့် အဝေးကိုတော့ မျက်မှန်မပါရင် လုံးဝမမြင်ရ။

ခက်ခက်(ခေါ်)ခက်ခက်မာက နားထိုင်းနေသူ ဖြစ်သည်။ သူမကလည်းမွေးရာပါဟုဆိုသည်။ တစ်ခါ တစ်ခါ သူကြားချင်တာတွေ ကြားပြီး စွတ်စွတ်ပြောနေတက်သည်။ အဆိုးဆုံးကတော့ တိုးတိုးတိတ်တိတ် ကိစ္စတွေများဆို သူမ၏ နားလေးပါးလေး အသံဝါကြီးကြောင့် မကြာခဏ အရှက်ကွဲရခြင်းပင် ဖြစ်သည်။

ဝေမွန်ကတော့ တစ်မျိုး ထူးထူးခြားခြား ရုပ်ရှင်မင်းသမီးဖြစ်ချင်နေသူပင်ဖြစ်သည်။ သို့သော် ဘဝပေးအခြေအနေအရ မပြည့်မစုံ မိသားစု ပြဿနာတွေကြောင့် အချိန်ပိုင်း အလုပ်တစ်ခုနှင့် ဘဝကို ရုန်းကန်နေရသူ။ မောင်နှမ(၉)ယောက်မှာ အကြီးဆုံး ဖြစ်သည့်အတွက် အခွင့်ထူးခံလည်းမရခဲ့။ သူမကတော့ တစ်ခါတစ်ရံ တစ်နှစ်တစ်ယောက်နှုန်း မွေးဖွားခဲ့သည့် သူမအမေဖြစ်သူကို အပြစ်တင်နေတက်သည်။

“ကဲ .... ငါ့အထင်တော့ အဲဒီ့ သိုက်ဆရာလည်း နင့်လိုပဲ ဒုက္ခတွေ့နေပြီထင်တာပဲ ... ”

“နတ်ဆရာပါ ..... ခက်ခက်ရာ ...”

“သြော် .... အေးအေး ...”

သူမအပြောကိုဝေမွန်က ပါ ....

“ဒါဆို သူလဲ နင့်ကိုလိုက်ရှာရင် လိုက်ရှာနေမှာ ...” ဟု စဉ်းစဉ်းစားစားဝင်ပြောလိုက်သည်။

“ငါကတော့ ရင်မော့တယ် ....”

“ဟင်း ...”

“ဂဠ်ပဲ ...”

သူမတို့ သုံးယောက်သား ကိုယ်စီ သည်းညူလိုက်ကာ

မျက်မှန်ရှာပုံတော်ခရီးကို စတင်ပါလေတော့သည်။

*

တကယ်တော့ ကံကြမ္မာဆိုတာမျိုးက

အံ့သြဖွယ်ရာတွေကို

တစ်ခုပြီး တစ်ခု ထုတ်ပြနေတက်တဲ့

ပဥ္စလက်ဆရာ တစ်ဦးလိုပါပဲ ....

ဘယ်အချိန် ဘယ်နေရာကနေ

ဘာတွေ ဘယ်လို ထွက်လာမယ်ဆိုတာ

ဘယ်သူမှ တပ်အပ် ပြောမပြနိုင်တဲ့အဆုံး

စိတ်ကို ဒုံးဒုံး ချပြီး

မျက်စီတစ်ဆုံး ငေးကြည့်နေရရုံမှ

တစ်ပါး ....

အခြား ....

မရှိ .....

မသိ ... မသိ .... မသိ

*

သူစိတ်ပျက်လက်ပျက်နှင့် ကင်တင်းကို ဒုတိယအကြိမ်ထိုင်မိ ပြန်သည်။

အောင်ကိုနှင့် ငနိုင်ကတော့ ဘာစကားမှ မဆိုနိုင်ရှာတော့ဘဲ ခြေထောက်တွေကိုသာ လက်သီးဆုပ်နှင့် ထုနေမိသည်။

"ဟေ့ .... ကျဆိမ့် သုံးခွက်နဲ့ ရှူပီတစ်ပွဲပေးဟေ့ ... " ဆိုပြီး နတ်ဆရာ၏ အော်သံအဆုံး ငနိုင်က-

"ကျ .... ကျ ... ကျဆိမ့် နှ ... နှစ်ခွက်ပဲ ... လုပ် ... လုပ်ဟေ့ .... ငါ့ ... ငါ့ ... အတွက် Max လိမ္မော် ... တစ် ... တစ်လုံးသာချပေး ... ဖူး ... ဟူး ... မောလိုက်တာကွာ ..." ဟု စိတ်ပျက်လက်ပျက်ဆိုလာသည်။ အောင်ကိုကတော့-

"ရှာရကျိုး မနပ်လိုက်တာကွာ .... အချိန်ကုန် လူပမ်းနဲ့ ..."

"ဟ ... ငါညည်းဖို့လဲ ထားစမ်းပါဦးကွာ .... ဒီမှာ ညကငါဗှားလာတဲ့ကဗျာစာအုပ်ကလေးတောင် ဖတ်ဖို့ ဘာမှမမြင်ရလို့ ...."

စားပွဲထိုးကောင်လေးက စီးကရက်တစ်ပွဲ အရင်လာချပေးသဖြင့် သုံးယောက်သား တစ်ယောက်တစ်လိပ်စီ ယူလိုက်ကြသည်။

"တောက် .... ခက်တာက ဘယ်သူမှန်းမသိ ... ဘယ်အတန်းကဘယ်နှစ်ကမှန်းလဲ မသိတော့ မေးရတာ လဲ လက်ပေါက်ကပ်တယ် ..."

"အောင် ... အောင်ကို ပြော ... ပြောတာ မမ ... မှန်တယ် .... ဒီ ... တ ... တက္ကသိုလ်ထဲမှာ ....

ဗျ ... မျက်မှန်နဲ့ ကောင် ... ကောင်မလေးတွေက ပုံ ... ပုံလို့ ..."

"ငါလဲ ဘယ်သိမလဲကွ .... ဒါတောင် ဆရာဦးသန်းဝင်းက ပေသီးလို့ပြောသွားလို့ သိတာ .... မဟုတ်လို့ကတော့ ...."

“ဟုတ်ပ့ါကွာ .... နာမည်ကလဲ မိန်းကလေးဖြစ်ပြီး ပေါက်ပေါက်ရှာရှာပေသီးတဲ့ ... ”

အောင်ကိုက သူ့ဖာသာပြောပြီး သူ့ဖာသာ သဘောကျနေပြန်သည်။ ထုံးစံအတိုင်း ငနိုင်ကတော့ စားပွဲကို လက်နှင့် ခေါက်ပြီး ကင်တင်းကသီချင်းတစ်ပိုင်းတစ်စကို လိုက်ဆိုရင်း စည်းချက်လိုက်နေသည်။ နတ်ဆရာကတော့ မျက်မှန်လေးကို အထူးအဆန်း ပစ္စည်းလေးတစ်ခုလို လှည့်ပတ်ကြည့်နေ၏ ။

*

“မိပေသီး ... ဒီလောက်ဆို တော်သင့်ပြီ ထင်တယ် ...”

ဝေမွန်၏ ညည်းညည်းညူညူ စကားကို သူမက-

“အမလေး ... အဖြစ်သည်း မနေစမ်းပါနဲ့ မင်းသမီးရယ် ... ငှါခြေထောက်တွေလည်း မောလွန်းလို့ ဟောဟဲ လိုက်နေပါပြီ ...”

ဒါကို ခက်ခက်က နားစွန်နားဖျားကြားမိကာ-

“ဒါက ... ဘယ်ကို ဆက်လိုက်ဖို့ကြံနေတာလဲ ....” ဟု ဘုမသိဘမသိ ဝင်ပြောနေပြန်၏ ။

“မောရတဲ့အထဲ မိခက်ရာ .... ငြိမ်ငြိမ်နေစမ်းပါ .... နင့်ကို ပြန်ရှင်းပြနေရတာ က ပိုမောလို့ပါ ...”

ဝေမွန်နှင့် ခက်ခက်ကို ပြောသလိုသလိုနှင့် သူမ ဖာသာ တီးတိုးပြောနေပြန်သည်။.

“ငါကတော့ အဲဒီ့ နတ်ဆရာကို တော်တော် ဖုလာပြီ ...”

“ဘယ်မလဲ အဖု … ထပ်မကြီးလာခင် ဆေးခန်းလေးဘာလေးပြထားဦး …. ကင်ဆာတွေဘာတွေများလား …”

အထိတ်တလန့်နှင့် ထပြောလိုက်သည့် သူမစကားကြောင့် သူမတို့ နှစ်ယောက်သား ရယ်ရခတ် ငိုရခတ်နှင့်-

“ဟင်း … စိတ်ပိန်တယ် မိခက်ရာ …”

“ဟုတ်ပ့ါ … ငါက ရောဂါအဖုကို ပြောတာ မဟုတ်ဘူး …. ဟိုအကောင်ကို ရှာမတွေ့လို့ စိတ်တိုလာတာ … ဖုတာကို ပြောတာ …”

“သြော် … ဂလိုလား … အဟီး …”

ရှက်ရယ်ရယ်ပြနေသည့် ခက်ခက်ပုံစံကို ကြည့်ပြီး မင်းသမီးဝေမွန်က ဓာတ်ရှင်မင်းသမီးတွေလို ပခုံးနှစ်ဖက်ကို တွန့်ပြလိုက်သည်။

“ဖူး … ဟူး …. ရင်မောတယ် …”

“ကဲကဲ … မောရင်လည်း ကင်တင်း ခဏသွားရ အောင် …”

ဝေမွန်အဆိုကို ဘယ်သူကမှ ဘာမှမပြောနေတော့ဘဲ ခြေလှမ်းတွေကို ဦးလှည့်လျှက်မိသား ဖြစ်နေကြသည်။

သူမကတော့ မျက်မှန်ကလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားပြီး နတ်ဆရာကို အတုံးလိုက်အတစ်လိုက် ပွစိပွစိနှင့် မေတ္တာပို့နေလေတော့သည်။

“ဘာ … ဘာပြောတယ် …”

ပေသီးက ပွစိပွစိနှင့် ပြောနေတာကို ခက်ခက်က သူ့ကိုပြောတာထင်နေရသည်။ သို့နှင့်-

“နင့်ကိုဘာပြောနေလို့လဲ …” ဆိုပြီး သူမက ဖိဟောက်လိုက်တော့မှ ခက်ခက်က-

“သိဘူးလေ … ငါ့ပြောတယ် မှတ်လို့ ….” ဟု မျက်နှာငယ်လေးနှင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်ကလေး လုပ်ရင်းပြောနေသည်။

ကလေးမသာရုပ်နှင့် ဘီလူးမ ပုံပေါက်နေသည့် သူမတို့နှစ်ယောက်ကိုကြည့်ပြီး ဝေမွန်က ထုံးစံအတိုင်း ဝါရင့် မင်းသမီးကြီးပုံစံနှင့် ပြုံးမြမြလေးလုပ်ရင်း ကြည့်နေလေတော့၏။

*

ဖူးစာဆိုသည့်အတိုင်း

နဖူးစာရွာလည်ခဲ့ပြီလား မသိ

အမှတ်တမဲ့တွေက

အမှတ်တရတွေ အဖြစ်နဲ့

နှလုံးသားမှာ အလံတလူလူလွင့်လို့

လောကကို ဘောင်ခတ်ကြည့်ကြတာချင်းအတူတူ

တစ်ယောက်နဲ့တစ်ယောက်

ရင်ခုန်သံတွေ ယောက်ယက်ခတ်သွားရလောက်အောင်

အချစ်က ဖန်တီးခဲ့လေသလား. .

တကယ်တော့ အချစ်ဆိုတာ

ငါတို့နှစ်ယောက်အတွက်

ဟိုး. . . ခပ်ဝေးဝေးက

အဝေးမျှော် ရှုခင်းတစ်ခုလိုပါပဲ. .

ဝေဝေ ဝါးဝါးကြီး ဆိုကြပါတော့. .။ ။

*

နတ်ဆရာတစ်ယောက် အကြီးအကျယ် ဒုက္ခတွေ့နေရသည်။ ဒီညမှ ထူးထူးခြားခြား သူကလည်း ကဗျာသိပ် ရေးချင်နေသည်။ ခက်တာက မျက်မှန်..သူက အနီးမှုန်တဲ့သူဆိုတော့ စာရေးစာဖတ်လုပ်ရတာ ဘယ်လိုမှ အဆင်မပြေ။

ငနိုင်(ခေါ်) ရွှေအကတော့ သူ့ရဲ့ညစဉ်လုပ်နေကျ ထုံးစံအတိုင်း ဂစ်တာတစ်လက် စာအုပ်တစ်အုပ်နှင့် အလုပ်ရှုပ်နေသည်။ အနုပညာ၏ ဖမ်းစားမှုကြောင့်ထင် ငနိုင့်ဟန်ပန်က တစ်ကယ့်ဝါရင့် အနုပညာရှင်ကြီးဒီဇိုင်းနှင့် လောကကြီးကို အဆက်အသွယ်ဖြတ်ထားပုံရ၏ ။

စာရေးစားပွဲကနေ နတ်ဆရာတစ်ယောက် အကြောင်းမဲ့သက်သက် ငနိုင့်ကိုသာ ငေးကြည့်နေမိ၏ ။

ငနိုင်ကတော့ နတ်ဆရာကို သတိမမူနိုင်အား ဂစ်တာလေးခေါက်လိုက် စာအုပ်ပေါ်ချရေး လိုက်နှင့် နစ်မျော နေပုံပေါ်၏ ။

အောင်ကိုကတော့ ခုတင်ပေါ် ဖမ်းလျားမှောက်ကာ သူ့ဝါသနာပါရာ ကာတွန်းဆွဲခြင်း အလုပ်ကို စိတ်ပါဝင် စားစွာနှင့် ရေးခြစ်နေ၏ ။

တကယ်ဆို နတ်ဆရာ (ခေါ်) ဆရာနတ် (ခေါ်) နတ်ကြီး (ခေါ်) ငြိမ်းလှိုင်က ရန်ကုန်သား စစ်စစ်ဖြစ်ပြီး အောင်ကိုက မင်းလှမြို့ကနေ အဆောင်ငှားကာ ရန်ကုန်မှာ ကျောင်းလာ တက်ခြင်းဖြစ်သည်။ ငနိုင် (ခေါ်) နိုင်လင်း

ထွန်း (ခေါ်) ရွှေအကလည်း အညာသား တစ်ယောက်ပါပင်။

လွတ်လပ်မှုကို မြတ်နိုးခုံမင်ပြီး ပျော်ပျော်နေတတ်သည့် နတ်ဆရာက ဆယ်တန်းအောင် တာနှင့် မိဘတွေ ကို အဆောင်နေခွင့်တောင်းကာ မြန်မာစာမေဂျာကို ယူလိုက်၏ ။ ဒါကလည်း သူ့ဝါသနာနှင့်သူပင်ဖြစ်သည်။

နတ်ဆရာက စာရူးပေရူးကဗျာသမားဖြစ်သည်။ ဒါကြောင့်လည်း Computer တက္ကသိုလ်ဝင်ခွင့်ရလျက်နှင့် မြန်မာစာယူခဲ့ခြင်းဖြစ်သည်။ သူက ဆရာနတ်ဆိုသည့် ကလောင်နှင့် မဂ္ဂဇင်းတွေမှာ ဂတ္တုတိုတွေ ကဗျာတွေရေး သည်။

သည်လိုနှင့် အဆောင်ရောက်တော့ ကာတွန်းအေကေ (ခေါ်) အောင်ကိုနှင့် စတင် တွေ့ဆုံခဲ့ခြင်းဖြစ်သည်။ များမကြာမီ ဂစ်တာတစ်လက်နှင့် မြို့ပေါ်တက်လာသည့် နိုင်လင်းထွန်းနှင့် မိတ်ဖွဲ့မိကြပြီး အနုပညာညီအကိုအဖြစ် ရော မေဂျာတူသူငယ်ချင်းအဖြစ်တွေပါ ပထမနှစ်ကနေ ယခု နောက်ဆုံးနှစ်အထိ လက်တွဲမြဲလာကြခြင်းဖြစ်သည်။

သူတို့သုံးယောက်ကလည်း တစ်ယောက်နှင့် တစ်ယောက် ချစ်ခင်ရိုင်းပင်းကြသည်။ တစ်ယောက်အားနည်း ချက်ကို တစ်ယောက်က ပျော်စရာအဖြစ် နောက်လေ့နောက်ထရှိတာက လွဲပြီး ဘာပြဿနာမှ ထူးထူးထွေထွေမရှိ လှ။

သုံးယောက်သားက ကိုက်တော့လည်း ကိုက်ကြသည်။ တစ်ယောက်က စာရေးဆရာ၊ တစ်ယောက်က တေးရေးဆရာ၊ တစ်ယောက်က ကာတွန်းဆရာ အိုး။ သည်တော့လည်း သုံးယောက်သားက ပေါင်းမိပြီပေါ့။

“မင်းလေးငါ့ကို လှည့်ဖြားxxx အဆုံးထိရက်စက်ထားxxx ထားခဲ့ရက် နင်အတိတ် ဟောင်းxxx ငါအားလုံး ခွင့်လွှတ်ထားxxx”

ငနိုင်က သီချင်းအသစ်ကလေးကို ခပ်တိုးတိုး ညည်းဆိုနေ၏ ။

(မှတ်ချက်- ငနိုင်(ခေါ်) ရွှေအသည် သီချင်းဆိုခြင်း၊ ဆဲရေးတိုင်းထွာပြုခြင်းများတွင် လုံးဂ စကားမထစ်ချေ) “ငါ့ ကိစ္စ ဘယ်လိုလုပ်ရင် ကောင်းမလဲ. .”

ဆိုင်းမဆင့် ဗုံမဆင့် ထပြောလိုက်သည့် သူ့စကားကြောင့် ငနိုင်ရဲ့သီချင်းသံရပ်သွားရ၏ ။

ကာတွန်းဆွဲနေသည့် “အောင်ကို” က “ဘာလဲဟ. .” ဆိုသည့် သဘောနှင့် သူ့ကိုပင် ကြည့်လိုက်သည်။

“ဘာ. .ဘာ. .ဘာလဲကွာ. . .ဒီ. .ဒီမှာ ဖီး. .ဖီးဝင်နေတာကို. .”

ငနိုင်၏ အပြောကို သူကလည်း. .

“အေး. . ငါလည်း ဖီးဖြစ်နေတာပဲ. .” ဟု ပြန်ပြောလိုက်သဖြင့်

“မင်းက. .ဘာကိစ္စကို ဖီးဝင်နေတာလဲ. .” ဆိုပြီး အောင်ကိုကပါ စိတ်ဝင်တစား မေးလာသည်။

“ဟ. . .ဘာကိစ္စ ရမှာလဲကွ. . .ငါ့ရဲ့ မျက်မှန်ကိစ္စပေါ့. .”

“အေး. .အေးလေကွာ. .”

“ဒါကတော့. .မဖြစ်တော့တဲ့အဆုံးဆိုရင် အသစ်လုပ်ရမှာပေါ့. .အခုဟာက. .” ဆိုပြီး နတ်ဆရာက ရပ်ထား လိုက်သည်။

“ဟ. .ငါ. .ငါ. .အကြံရပြီကွ. . .”

“ဟာကွာ. .အလန့်တကြား. .”

ထအော်လိုက်သည့် ရွှေအစကားကြောင့် အောင်ကို လန့်သွားပုံရ၏ ။

“ပြော. .ဘာအကြံလဲ. .” ဆိုပြီး သူကမေးတော့မှ ငနိုင်က-

“ဒီ. .ဒီ. .ဒီလိုကွ. . .”

"အေး. .ဘယ်လိုလဲ. ."

ငနိုင်က သူ့စကား မစခင် ဖြတ်မေးလာသဖြင့် အောင်ကို ကိုဘုကြည့်ကြည့်လိုက် သေးသည်။ ပြီးမှ-

"ဘယ်. .ဘယ်လိုဖြစ်. .ဖြစ်နေတာလဲ. .ပြောပြမှာပေ့ါဟ. ." ဆိုပြီး ချောင်းတစ်ချက် ဟန့်လိုက်ကာ-

"အဟမ်း. . .ဒီ. .ဒီလိုကွ. .ငါ. .ငါတို့ ကျောင်းကို. .မ. .နက်ကျရင်. .အ. . အစောကြီး သွားကြမယ်ကွာ. ."

"အဲဒီ တော့. ."

နတ်ဆရာက စကားဝင်ထောက်ပေးလိုက်သည်။ အောင်ကိုကတော့ ဘာမှနားမလည်နိုင် သဖြင့် နားထောင် ရင်း ငြိမ်နေ၏ ။

"အေး. .ကျောင်း. .ကျောင်းရောက်တာနဲ့ ငါတို့. .ကျောင်းထဲ. .မ. .မဝင်သေးဘဲနဲ့. .ကျောင်း.. ကျောင်း. . ပေါက်ဂထိပ်ကနေ. .ထိုင်. .ထိုင်ပြီး. .စောင့်. .စောင့် နေလိုက်ရုံပဲ. .ဟဲဟဲ. ." ဆိုပြီး ငနိုင်က ဆရာကြီးပုံဖမ်းပြီး ပြုံး ပြုံးကြီးလုပ်ပြနေသည်။

"ဘာလဲ. .ငါတို့က ကျောင်းထဲမဝင်ဘဲနဲ့ တိုင်နဲ့ခေါင်းနဲ့ ထိုင်ဆောင့်နေရမှာလား. ."

"အေးလေ. .မင်းဟာက အဆုံးမရှိ အစမရှိနဲ့. ."

အောင်ကို အပြောကို နတ်ဆရာကပါ ထောက်ခံလိုက်၏ ။

ငနိုင်က နှာခေါင်းတစ်ချက် ရှုံ့လိုက်ပြီး-

"မင်း. .မင်းတို့ တော်. .တော်တော် ဝေးတဲ့. .ကောင်တွေ. . .ငါ. .ငါတို့က ဘာ. .ဘာကိစ္စနဲ့ တိုင်နဲ့ဆောင့်. . ဆောင့်ရမှာလဲ. ."

"အေးပါကွာ. . .ဖြည်းဖြည်းပြောလဲ ရပါတယ်. .မင်းတံတွေးတွေက. ." ဆိုပြီး အောင်ကိုက ဟိုဘက်ကို တိုး သွားသည်။

"ဆက်ပြော ငနိုင်. ."

နတ်ဆရာက ဝင်ပြောတော့မှ ငနိုင်က-

"ဒီ. .ဒီလိုကွာ. . .ငါ. .ငါတို့. .ကျောင်းထိပ်ကနေ. .အစောကြီး ထိုင်စောင့်ပြီး. . .မင်းရဲ့. .မျက်မှန်ကို ရှာရ မယ်. .လေ. ."

သည်တော့မှ နှစ်ယောက်သား ငနိုင်၏ ဆိုလိုရင်းကို သဘောပေါက်သွားကြပြီး. .

"ဪ. .ဂလိုလား. ."

"ဒါဆို. .မင်းအကြံက ငါတို့သုံးယောက် မနက်အစောကြီး ကျောင်းကနေ လာသမျှ မျက်မှန်နဲ့ ဒါမှမဟုတ် ဂွေးသီး. .အဲလေ. .ပေသီးကို စောင့်ဖမ်းပြီး မျက်မှန်ချင်းလဲမယ်ပေါ့. .ဟုတ်လား. ."

အောင်ကို အမေးကို ငနိုင်က ခပ်ပြုံးပြုံးကြီးနှင့်-

"သတ်. .သတ်ရိုက်(စ်)"

ဟုပြောပြီး ဂစ်တာကို ကောက်ကိုင်လိုက်၏။ နတ်ဆရာကတော့ ဘာကိုတွေးနေသည်မသိ ခေါင်းတညိတ် ညိတ်နှင့် အိပ်ယာပေါ်တက်လှဲနေသည်။

ကဲ. . တွေ့ကြပြီပေါ့. .ပေသီးရာ. . .။

*